

ဆွေသန်း

# သမီးလေးရဲ့ နံနက်ခင်း
## ကလေးကဗျာများ

၂၀၀၉ ခုနှစ် စာပေဗိမာန်စာပေဆု

ကလေးကဗျာပေါင်းချုပ် ပထမဆုရ

# ဆွေသန်း

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်မွှေး (မွှေးဝယ်ဝယ်)

စာတည်း

အဖုံးပန်းချီ - နေလင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၁ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

တန်ဖိုး ( ၅၀၀ )ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန်စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့်ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | **အမှာစာ** | |
| ၂။ | **သမီးလေးရဲ့ မနက်ခင်း ကလေးကဗျာများ** | |
| ၃။ | ဤမြေကမ္ဘာ | |
| ၄။ | မွှေဝေစည် မြန်မာပြည် | |
| ၅။ | ကျောင်းတက်သွားပါစို့ | |
| ၆။ | ဝလုံး | |
| ၇။ | အမေ | |
| ၈။ | လင်းအရုဏ် | |
| ၉။ | သင်ပုန်းပေါ်က မိုးရွာလ | |
| ၁၀။ | ဦ – အရုဏ် | |
| ၁၁။ | ဆွမ်းတော်ချိုး | |
| ၁၂။ | ညှင်းနဲ့ထီး | |
| ၁၃။ | ငယ်ချစ်ဦး | |
| ၁၄။ | ကျောင်းမှာ အိမ်မှာ | |
| ၁၅။ | ကျောင်းအပ်ချိန် | |
| ၁၆။ | အပြု နဲ့ အချက် | |
| ၁၇။ | ဦးသုံးကြိမ် | |

| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁၈။ | တကူကူး | |
| ၁၉။ | ကစားချိန် | |
| ၂၀။ | ဗိုးချစ် - ဗိုးဖြူ | |
| ၂၁။ | ခေါင်းလောင်းသံ | |
| ၂၂။ | သမီးလေးရဲ့ မနက်ခင်း | |
| ၂၃။ | မမြူကလေးကို ခင်ကြတယ် | |
| ၂၄။ | စံပြလုပ်သား | |
| ၂၅။ | ခွေး | |
| ၂၆။ | ပုံတူ | |
| ၂၇။ | မနက်ခင်းမှာ | |
| ၂၈။ | မိနွဲ့ဝ | |
| ၂၉။ | ဝက်ရှုပ်ခွေး | |
| ၃၀။ | တောသံ | |
| ၃၁။ | ရွက်နုဆင် | |
| ၃၂။ | ပန်းဆွတ်လိုလျှင် | |
| ၃၃။ | သမီးနဲ့မေမေ | |
| ၃၄။ | လှူအားမောန် | |
| ၃၅။ | အိပ်ရာဝင် | |
| ၃၆။ | အုဲ | |
| ၃၇။ | သားကောင်းပန်းတစ်ပွင့် | |
| ၃၈။ | ကောင်းကင်ထဲမှာ | |
| ၃၉။ | ပန်းသခင် | |

| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|


၄၀။ အတူခေါ်ပို့

၄၁။ ထန်း

၄၂။ ပျားတို့ပြတဲ့လမ်း

၄၃။ ဝါကျွတ်ချိန် ဆရာကန်တော့ပွဲ

၄၄။ တစ် မှ တစ်ဆယ် ပေါင်းနုတ်လွယ်

၄၅။ နှစ်ဆုံးအောင်ပွဲ

၄၆။ ဥဩ

၄၇။ ရေသံသာ

၄၈။ ဖေဖေ့ စာအုပ်စင်

၄၉။ သမီး

၅၀။ ပန်းတစ်ပွင့်

၅၁။ ထာဝရ အလှ

၅၂။ ရွှေသူရဲ့တောင်း

၅၃။ အားကစားစိတ်ဓာတ်

၅၄။ ကျေးလက်သကြန်

၅၅။ နှင်းမှုန်ကြားက ဘုရားပွဲ

၅၆။ မိုး

၅၇။ ခဲချက်

၅၈။ သားကျွာ

၅၉။ ရုပ်သေးပွဲ

၆၀။ တိုင်းနှင့်ပြည်နယ်

၆၁။ ရွာသာယာ

| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၆၂။ | ဘုရားစူး | |
| ၆၃။ | စွယ်တော်လေးရော | |
| ၆၄။ | မိုးဦးပန်း | |
| ၆၅။ | မိုင်းမပြည့်ခင် | |
| ၆၆။ | အားကျတယ် | |
| ၆၇။ | အတုအယောင် | |
| ၆၈။ | စကားတစ်ခွန်း | |
| ၆၉။ | မနိုးခင် မှေးခိုင် | |
| ၇၀။ | မစုံစမ်း မဆင်ခြင်သော ယုန်သူငယ် | |
| ၇၁။ | မြေတစ်သိုက်နဲ့ ဘ ဘိုးဘို | |
| ၇၂။ | နာမည် | |
| ၇၃။ | မေတ္တာ | |
| ၇၄။ | ပန်းကမ္ဘာ | |
| ၇၅။ | သုံးမွှင့်ဆိုင် | |
| ၇၆။ | ဂွတ်ကူး ဂွတ်ကူး | |
| ၇၇။ | ဥယ်သည် | |
| ၇၈။ | သားကောင်း | |
| ၇၉။ | 'အုပ်' တေးသံ | |
| ၈၀။ | အဘိုးစိုက်တဲ့ သရက်ပင် | |
| ၈၁။ | တကျက်မယ် | |
| ၈၂။ | ဆဲသံဆိုသံ | |
| ၈၃။ | မြန်မာ့ဂီတ | |

ကလေးကဗျာဖခင် စာဆိုရှင်ကြီးများ၏

ကျေးဇူးတရားကို . . .

ဤကလေးကဗျာ စာအုပ်ငယ်ဖြင့် . . .

ပေးဆပ် ပူဇော်အပ်ပါသည်။ ။

[illegible]

မြေးကလေးများဖြစ်ကြသော **မငြိမ်းသီရိဟန်၊**

**မချိုဆုသီ** တို့နှင့်တကွ ကလေးတိုင်းအတွက်

အမှတ်တရ. . . . .

အသက်ကလေး နည်းနည်းရလာတော့ "ကလေးကဗျာ" ရေးချင်လာတယ်။

သားသမီးတွေ သားမက မြေးတွေပါရလာပြန်တော့လည်း ကလေးတို့အတွက် ကဗျာတွေရေးဖို့ ပိုလို့အားသန်လာမိပြန်တယ်။

ဒါနဲ့ပဲ . . .

ကလေးတို့ရဲ့ အနာဂတ်ကို ပန်းပမာ လန်းဖြာစေချင်တဲ့ ဆန္ဒနဲ့ ကလေးကဗျာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် စပ်ဆိုမိတော့တာပါပဲ။

ကလေးတို့ရွတ်ကြ ဆိုကြ ပျော်ကြ ရွှင်ကြမယ်ဆိုရင် ရေးရ ဖွဲ့ရကျိုး နပ်ပါပြီ။ ။

**ဆွေသန်း**

# ဤမြေကမ္ဘာ

Y ပန်းကလေးတွေ လန်းဆန်းဝေ
ငှက်ကျေး တေးဆိုနေ
ညင်းလေပြေ ဆော်ကာသွေး
နေခြည်လက်လက်ပြေး
ချောင်းရေဖွေးဖွေး လှိုင်းပြာပြာ
တောင်တော လသာယာ
ဤမြေကမ္ဘာ တစ်နံ့တစ်လျား
ဘေးရန် ကင်းစေသား...။ ။

## ဓမ္မဝေစည် မြန်မာပြည်

ဓမ္မာရုံက ကြေးစည်တီး
ဘုရားထီးက ဆည်းလည်းမြဲ
အလှူ ဗြောစည်ညံ။
အမျှဝေသံ ကုသိုလ်တေး
သာဓု ချိုမြအေး။
တဘက်ကလေး ပန်းပေါ်တင်
ဥပုသ်ကျောင်းကိုဝင်
ပန်းတော်ပြင် ဆွမ်းတော်ကပ်
ပုတီးစိပ်ရင်း တရားမှတ်
နိဗ္ဗာန် တံခါး လှပ်···။ ။

❖ ❖ ❖ ❖

# ကျောင်းတက်သွားပါစို့

Y ငှက်ကလေးတွေ တေးသီကျူး
အရှေ့ဆီက ရောင်နီမြူး
ပန်းတွေလည်းခူး ဘုရားဖူး
အရုဏ်ဦးမှာ တည့်ည့်
ကျောင်းတော်သားတို့ စာကျက်အံ
အတန်းတက်ရန် သွားပါစို့
ကျောင်းတံခါးလည်း ဖွင့်ပြီမို့…။ ။

❖ ❖ ❖ ❖

# ဝလုံး

F ဝလုံးကလေး ဝိုင်းအောင်သင်
ဖျက်လိုက်ရေးလိုက် အမှားမြင်
ဖျက်အစဉ် ပြင်ခဲ့
မှားများရေးမှ ကျင့်သားရ
လက်ရေးမှာလေ ဝလုံးက
တဖြေးဖြေးနဲ့လှ…။ ။

❖ ❖ ❖ ❖

# အမေ

Y အမေ့ရင်ခွင် မေးစက်စဉ်
အိပ်မက် လှလှမြင်
အိပ်ရာဝင် အိပ်ရာထ
မျှော်စရာ ကောင်းတဲ့ည…။

Y အမေ့မျက်နှာ ကြည်ကြည်လင်
လမင်းကြီးလိုပင်
ကောင်းကင်ထဲမှာ အသာဆုံး
ဘယ်သူမြင်လို့ နိုင်မတုန်။

Y အမေ့သံစဉ် တေးချွဲဆင်
အေးမြ ချိုမြိန်လွင်
တခိုရှင် ကဗျာဝေး
မြင်လျှင် အရှုံးပေ။

Y အမေ့စိတ်ရင်း ဖြူဖြူစင်
လှတိုင်း ခင်ခင်မင်

မှင့်စံပယ်သွင် ကြူကြူမွှေး
စမ်းရေး ပဟာဒေး။

Y ကလေးတိုင်းရဲ့ ပန်းကမ္ဘာ
မေတ္တာ ခြံလွှမ်းဖြာ
အမေသည်သာ အလှဆုံး
မညှိုးပန်းတစ်ကုံး…။ ။

# လင်းအရုဏ်

F ညအမှောင်နှိပ်
လရောင်ဖိတ်
ပလွေတေးဆိတ်
ငှက်ကျေးအိပ်။

နွာဦးထိပ်က စံပယ်ရဲ့
ရနံ့သင်းပျံ့ ကြိုင်လှိုင်ထုံ
လင်းအရုဏ် ရောင်နီမြူး
စောစောထလို့ ပန်းတွေခူး။

ဦးဦးဖျားဖျား ဘုရားလှူ
ငွေဝင်ပန်းပွင့် စံပယ်ဖြူ
လန်းလှလှ ကြူကြူမွှေး
ဆရာမကို လက်ဆောင်ပေး
သာခုခေါ်တယ်လေး...။ ။

❖ ❖ ❖ ❖

# သင်ပုန်းပေါ်က ဖိုးရွှေလ

၄ ဖိုးရွှေလမင်း ဝင်းဝါဝါ
ရွှန်းရွှန်းမြမြသာ
မိုးပြာပြာ တိမ်လွှာဖုံး
ရွှေလကွယ်ပျောက်ဆုံး
ကျောက်သင်ပုန်းနဲ့ လွယ်အိတ်ပြင်
အတန်းထဲကိုဝင်
တကိုသင်တော့ ဝ ကိုရေး
"ဟောဗျို့···
ရွှေလ တွေ့ပြီလေး···"။ ။

❖ ❖ ❖ ❖

# ဦ - အရုပ်

F

ခေါက် - ခေါက် - ခေါက်
တံခါး ဘယ်သူခေါက်
ခြောက် - ခြောက် - ခြောက်
ထမင်းလုံး တစ္ဆေခြောက်
ကြောက် - ကြောက် - ကြောက်
သားသား တကယ်ကြောက်
ပျောက် - ပျောက် - ပျောက်
ကြောက်စိတ် ပယ်ကာပျောက်
ဟောက် - ဟောက် - ဟောက်
"ဦ - အရုပ်"နဲ့ ဟောက်
ပေါက် - ပေါက် - ပေါက်
"ဆေးသုံးလုံး"နဲ့ ပေါက်
တစ္ဆေ ပြေးလို့ပျောက်···။ ။

[ဆေးသုံးလုံး - ဗုဒ္ဓ၊ ဓမ္မ၊ သံဃ]

# ဆွမ်းတော်ဖို့

Y ရောင်နီလာ နံနက်ခင်း
နေခြည်လဲ့လဲ့ဝင်း
အရုဏ်ကျင်းစ အလင်းဖြာ
ရွာလယ်လမ်းမ ဝင်းဝါဝါ
သံဃာတော်တို့ ကပ်လှူဖို့
ဆွမ်းဟင်းပြင်ပါစို့။

"ဆွမ်းတော်ဖို့" နှိုးခေါ်သံ
လမ်းမ မိတ်ကာလျှံ
ဆွမ်းတော်ခံ စီရီကြ
ကျွေးမွေးချ။

အိမ်ပေါက်ဝက သမီးပြည့်
လက်အုပ်ချီလို့ ကြို
နိဗ္ဗာန်ကို ရည်မျှော်မှန်း
လောင်းလိုက်ကြ ဆွမ်း…။ ။

❖ ❖ ❖ ❖

# စည်းနဲ့ဝါး

F

အဆိုတော်ရဲ့ သီချင်းသံ
နားဝင်ပီသ ကြည်မြရန်၊
မှန်စီရွှေချ ဝိုင်းတော်က
ပို့ဆောင် ထောက်ပံ့ရ၊

ပတ်မကြီးက တထိထိ
နဲ့က တတီတီ
ဝါးလက်ခုပ်သည် တခွပ်ခွပ်
လင်းကွင်း တရှပ်ရှပ်။

ညီညွတ်ပေါင်းစပ်ဖွဲ့စည်းရာ
ဘယ်သူ ဦးဆောင်သလဲကွာ၊
မသိ သေချာ မြဲမှတ်သား
အဲဒါ "စည်းနဲ့ဝါး"...။ ။

# ငယ်ချစ်ဦး

Y ဝေပြုံးပြုံး ဖိုးဝလုံး
သားသား အချစ်ဆုံး
သင်ပုန်းပေါ်က ကျောင်းနေဖော်
သားသား အချစ်တော်
ပျော်ပျော်ရွှင်ရွှင် မခွာမခွဲ
သားသား အသည်း ရင်မှာစွဲ
ငယ်ချစ်ဦးပါပဲ…။ ။

❖ ❖ ❖ ❖

# ကျောင်းမှာ အိမ်မှာ

F ကျောင်းဖွင့်ချိန်မို့ ကျောင်းမှာနေ
သားသား ပညာဖွေ
စာပေသုတ လမ်းညွှန်ပြ
ဆရာ ဆရာမ…။

F ကျောင်းပိတ်ချိန်မို့ အိမ်မှာနေ
သားသား စိတ်မလေး
မှာခြွေဆုံးမ နှလုံးလှ
အမိနှင့်အဖ…။ ။

❖ ❖ ❖ ❖

# ကျောင်းအပ်ချိန်

Y ငါးနှစ်ပြည့်တော့ ကျောင်းစနေဝင်
လွယ်အိတ် ကပြင်ပြင်
စာကိုသင်မှ လူရည်လှ
အလိမ္မာတိုးမည်ပါ…။

Y မေမေကြီးက အိမ်အပြန်
သားသား ကျောင်းမှာကျန်
ကျောင်းအပ်နံ့စ မှိုင်လို့ငေး
မျက်ရည်ကျမိသေး။

Y တမြေးမြေးနဲ့ ကျောင်းနေပျော်
ခင်မင်ခဲ့ရ အတန်းဖော်
အိမ်ကို မျှော်လို့ ဖ ဗိ တမ်း
တစ်ခါ တလေ လွမ်း။

Y စာသင်ခန်းထဲ ရောက်တဲ့ခါ
ကကြီး ခခွေး ညဲစာစာ
စာတွေသင်ပြ ဆရာမ
သားသား အချစ်ဆုံးဗျ…။ ။

❖ ❖ ❖ ❖

# အပြု နဲ့ အဖျက်

F ပန်းတွေကြားမှာ ဝဲပျံကာ
အမြဲ ပျော်ပါးရာ
ရွှေလိပ်ပြာ တောင်ပံကား
ဝတ်မှုန်ကူးလို့ မျိုးဆက်ပွား
သူက အပြုသမား…။

F ပန်းတွေကြားမှာ ဥဗဟို
အမြဲ ပျံ့ဝဲနေသကို
ပိတုန်းညို မတော်မတရား
ဝတ်ရည်စုပ်လို့ မျိုးကာဝါး
သူက အဖျက်သမား…။ ။

❖ ❖ ❖ ❖

# ဦးသုံးကြိမ်

Y အိပ်ရာဝင်တော့ တစ်ကြိမ်
အိပ်ရာထတော့ တစ်ကြိမ်
သာသာရှိဦးနှိမ်။

နောက်တစ်ကြိမ် ကန်တော့ရို
ကျောင်းမသွားခင် အသင့်ပြင်လို့
သာစ ခေါ်ပြီအဖေ အမေတို့
"မုန့်ဖိုး များများပေးပါရှို့…"။ ။

❖ ❖ ❖ ❖

# တကူကူး

F

နံနက်စောစော အိပ်ရာထ
အချိန်မှန်မှန် နိုးနေကျ

ပြတင်းပေါက်ဝ နားနေကာ
ငြိမ့်ညောင်း တွန်သံသာ
ချိုလင်းပြာ တေးသီကျူး
နေ့တိုင်း တကူကူး…။ ။

## ကစားချိန်

Y ကျောင်းမှာ စာသင်
အိမ် ကျူရှင်
သားသား မနေချင်။

ကစားချိန်တွင် ကစားဖို့
အနားပေးဦးမျိုး…။ ။

❖ ❖ ❖ ❖

# ဝိုးချစ် – ဝိုးဖြူ

F အသားလည်းဖြူ စိတ်ထားဖြူ
သူ့နာမည်က "ကိုဗိုးဖြူ"။

F လှတာကာက ဝိုင်းလို့ချစ်
နောက် တစ်နာမည် "ကိုဗိုးချစ်"။

F ကိုဗိုးချစ် ခေါ် ကိုဗိုးဖြူ
အများအကျိုး သည်ပိုးသူ။

F သူ့အတ်ဂူမှာ ကမ္ပည်းထိုး
"ဗိုးချစ်-ဗိုးဖြူ" အမည်နှစ်မျိုး
သူ့ဂုဏ် ဘယ်မညှိုး…။ ။

❖ ❖ ❖ ❖

# ခေါင်းလောင်းသံ

Y ခေါင်းလောင်းသံ ညံစီစီ
ကျောင်းတက်တော့မည်
ညီညီညာညာ စီတန်းလို့
စာသင်ခန်းဆီ ဝင်ကြစို့။

Y ခေါင်းလောင်းသံ ညံစီစီ
ကျောင်းဆင်းတော့မည်
ညီညီညာညာ စီတန်းလို့
အိမ်ဆီပြန်ကြစို့ . . .။ ။

# သမီးလေးရဲ့ မနက်ခင်း

F  တောတောစီးစီး အချိန်မှန်
စာတွေရွတ်လို့ ဖတ်မှတ်အံ့။

F  သံစာစာ အော်ကာကျက်
ကလေးတို့ရဲ့ ပန်းအိပ်မက်။

F  ကျောင်းတက်သွားဖို့ လွယ်အိတ်ပြင်
အတန်းထဲကိုဝင်။

F  စာတွေသင်ဖို့ ဘယ်မပျင်း
သမီးလေးရဲ့ မနက်ခင်း…။ ။

❖ ❖ ❖ ❖

# မမြှူကလေးကို ခင်ကြတယ်

Y မမြှူကလေးကို ခင်ကြတယ်
ရုပ်ချောလို့လားကွယ်။
မဟုတ်ပေါင်ဟယ်... ဇွဲမာန်များ
ချစ်ခင်သူတွေများ...။

Y မမြှူကလေးကို ခင်ကြတယ်
ရုပ်ချောလို့လားကွယ်။
မဟုတ်ပေါင်ဟယ်... မဝါကြွား
ချစ်ခင်သူတွေများ...။

Y မမြှူကလေးကို ခင်ကြတယ်
ရုပ်ချောလို့လားကွယ်။
မဟုတ်ပေါင်ဟယ်... နှုတ်ချိုများ
ချစ်ခင်သူတွေများ...။

Y မဖြူကလေးကို ခင်ကြတယ်
ရုပ်ချောလို့လားကွယ်။
မဟုတ်ပေါင်ဟယ်... အနေရိုးသား
ချစ်ခင်သူတွေများ...။ ။

# စံပြလုပ်သား

F အရှေ့ရပ်က နေဝန်းနီ
ထွက်ပေါ်လာခဲ့ပြီ
ရွှေရည်ဖျန်းကာ တစ်နေ့တစ်ခေါက်
အချိန်မှန်မှန် အလည်ရောက်။

F အနောက်ရပ်သို့ သွားဖို့ပြင်
ခရီးဆက်လို့နှင်၊
နေ့တိုင်းနေ့စဉ် မညည်းမတွား
စံပြလုပ်သား သူ့လုပ်အား
မြတ်နိုးဖွယ်ပါတကား။ ။

❖ ❖ ❖ ❖

# ဒွေ

Y ဥဩငှက် တေးသီ
နွေဦး ပန်းချီ
ပင်စည် ဝေဝေ
ဟောင်းရွက်ကြွေတော
လွမ်းမောဖွယ် ရာသီနွေ
မြှိုင်းဝေဝေ
ပိတောက်ရွှေ ဝါဝါဝင်း
သင်္ကြန်အခါတွင်။

ပူပြင်းစွ နေ့ရှိန်အထိ
နီရဲမှင့် လက်ပံ
ပန်းမန်တို့ ကြွေကာမွှမ်း
ကန်ရေ ခြောက်ခန်း
လှည်းလမ်းမ ဖုန်ထူ
ယာမီး လူလူ
တကျူကျူ တေးသီဖွဲ့
ပလွေသံဖွဲ့

ညင်းသွဲ့သွဲ့ တောင်လေ
အေးမြပါပေ
မွှေးရပ်မြေ တပေါင်းသွဲ့
ကျွင်းပ အမြဲ...။ ။

❖ ❖ ❖ ❖

# ပုံတူ

F လ ကို တိမ်ကွယ်
ဘယ်ဆီမှာ ခိုပုန်း။
တွေ့အောင်ရှာလို့ပေးပါ
မေ့သားမောင် ပုံတူရေးတဲ့
ဝ ကလေး ပျောက်ဆုံး...။ ။

❖ ❖ ❖ ❖

# မနက်ခင်းမှာ

Y မိုးကောင်းကင် လဟာနယ်
ကျယ်ချင်သလောက် ကျယ်လိုက်စမ်း။

Y မနက်ခင်းမှာလေ
ငှက်တစ်သင်း တေးဆိုလို့
လေဟုန်နဲ့ တောင်ပံဖြန့်
အနှံ့ ပျံသန်း။ ။

❖ ❖ ❖ ❖

# မိနဲ့ဖ

F

မသောလည်းတာ သောလည်းတာ
မိုးကောင်းကင်က မိုးရွှေလာ။
မလာလည်းတာ လာလည်းတာ
အညာကျေးက မိနဲ့ဖ···။ ။

❖ ❖ ❖ ❖

# ဝက်ရုပ်ခွေး

Y ဟိန်းလိုက် ဟောက်လိုက် တဟောင်းဟောင်း
ငါတို့ မကြောက်ပေါင်
အယောင်ဆောင်တဲ့ ဝက်ရုပ်ခွေး
အစွယ်တုက တမွေးမွေး
သံပတ်ပေးမှ ဟောင်တတ်တယ်
သံပတ်ကုန်တော့ ရပ်လိမ့်မယ်
အဘယ်မှာ ကိုက်မလဲ
ခွေးအစစ်မှ မဟုတ်ဘဲ
ဟောင်တိုင်း အရှက်ကွဲ…။ ။

❖ ❖ ❖ ❖

# တေးသံ

F ကိုညိုကလေးက စကားများ
အ အား အ အား
ကိုရွှေဖားက တေးသံရှင်
အုန်းအင် အုန်းအင်
ဆင်ပြောင်ကြီးက ခေါ်ရင်ထူး
ဝူး ဝူး ဝူး ဝူး
တဖူးဖူး တဗယ်ဗယ်
မွှားပျိုကလေး သနားဖွယ်
တသူငယ် စွိ စွိ စွိ
မျောက်ညို တစွိစွိ...။ ။

❖ ❖ ❖ ❖

# ရှက်နုဆင်

Y ကျောင်းဝင်ပေါက်က ပိတောက်ပင်
နေ့မှာ ရှက်နုဆင်
စာမေးပွဲတွင် အောင်မြင်ဖို့
"ရှက်နုဆင်"သို့ ကြိုးစားစို့…။ ။

❖ ❖ ❖ ❖

## ပန်းဆွတ်လိုလျှင်

F ပန်းဆွတ်လိုလျှင် တက်ရေပြင်
ညီညာ ဖြူဖြူ မာန်အားဆင်
ပွဲနှင်းသခင် အမိန့်ပေး
လှေတော်သားတို့ လှော်ကြပေး
ယိုးယိုးလေး··· ယိုးလေလေး···။ ။

❖ ❖ ❖ ❖

# သမီးနဲ့မေမေ

Y မနက်လေး တေးဖွဲ့သီ
အ - အာ - အိ - အီ
မပို တပီ ဆိုတဲ့ တေး
မေမေ့ အနိုးတော့ ချိုမြ့အေး။

Y မနက်လေး ကလို့ခုန်
ဗတာ် စေမှုရုံ
လက်ခြေအစုံ ယိမ်းနွဲ့က
မေမေ့ အနိုးတော့ ရှုမဝ။

Y မနက်လေး ပန်းကို ပန်
ရှင်မတောင် သနပ်ခါး ပါးမှာကျ
ကိုယ်နေ ဟန်ပန် မူရာကြော
မေမေ့ အနိုးတော့ အလှဆုံးနော့ . . .။ ။

# လှအားမာန်

F ကောင်းကင်က ကျယ်ချင်ကျယ်
ပင်လယ်က ကြမ်းချင်ကြမ်း။
လှဆိုးဆောင် လေမုန်တိုင်းက
လှိုင်း တိမ်တွေ လှုပ်ကာ ရွှေအောင်
မွှေပစ်နိုင်စွမ်း…။ ။

F မုန်တိုင်းကြားက လှသားရယ်။
လှိုင်းကိုကျော် လော်ကာခတ်
ကမ်းကပ်တော့မယ်။
လောကလေး ပယ်ချင်ပယ်
လှအရွယ် သေးချင်သေး။
မုန်တိုင်းဘယ်လိုထန်လည်း
လေအလှန် ရေဆန်လမ်းမှာ
လှအားမာန် လှအစွမ်းရယ်နဲ့
ပန်းဝင်လိမ့်လေး…။ ။

❖ ❖ ❖ ❖

# အိပ်ရာဝင်

Y မညိုကလေး အိပ်ရာဝင်
အိပ်မက်ထဲမှာ မြင်
ကောင်းကင်ယံ လေဟုန်ခွဲ
ငှက်ကလေးလို ဝဲ။

Y မညိုကလေး အိပ်ရာဝင်
အိပ်မက်ထဲမှာ မြင်
ရေပြင်ပေါ် စုန်ဆန်ကူး
ငါးကလေးလို မြူး။

Y မညိုကလေး အိပ်ရာဝင်
အိပ်မက်ထဲမှာ မြင်
မေမေ့ရင်ခွင် ကြည်ရွှင်မွေ့
နွားကလေးလိုခွေ့ . . .။ ။

❖ ❖ ❖ ❖

# အူဝဲ

F မပီကလာ တီတာတာ
“အူဝဲ” ညဲတာတ
ချော့မြှူတိုင်းသာ မပြောင်းမလဲ
သူ့အပြော တစ်ခုထဲ
“အူဝဲ”··· “အူဝဲ”··· “အူဝဲ”···။ ။

❖ ❖ ❖ ❖

# သားကောင်းပန်းတစ်ပွင့်

Y ဗီးရှူးတန်ဆောင် အလင်းရောင်
သူ့ရဲကောင်းတို့ ဂုဏ်ရည်ပြောင်
"ဘုရင့်နောင်" "အလောင်းဘုရား"
"ဗန္ဓုလ" နဲ့ "ကျန်စစ်သား"
မြန်မာပြည်သွား ထင်ရှားသည်
သမိုင်းစဉ်ဆက် သက်သေတည်
ဦးလည်မသုန် ပြည့်ဝန်ထမ်း
ပြည်သူ့အချစ်ပန်း "ဗိုလ်အောင်ဆန်း"
နောက်မဆုတ်တမ်း အသက်ပေးလှူ
အာဂ သူ့ရဲကောင်း သူ့လိုလူ
စံနမူနာ ယူကာကျင့်
သားကောင်း ပန်းတစ်ပွင့်···။ ။

# ကောင်းကင်ထဲမှာ

F ပန်းရောင်စုံတွေ ဖြန့်ကာကြဲသို့
ကောင်းကင်ထဲမှာ တဝဲဝဲလည်(လယ်)
ငှက်ကလေးလို ပျံကာမြူးကြ
စွန်တွေ လွှန့်လူး အလှခြယ်
အလှချင်းပြိုင် ရှုမြင်ကွင်းက
ရင်တွင်း ချမ်းမြေ့ ငြိမ်းအေးမွှယ်
ထိုအခိုက်ဝယ် စွန်သရဲ က
ပျံ့ဝဲ ရမ်းကား နိုင်းတော့တယ်
တိုက်ကာ တိုးကာ ကြိုးကို ဖြတ်တော့
မှန်တိုင်း တိုက်ခတ်လာသည့်နှယ်
ကောင်းကင်ပြာပြာ စစ်မီးမွှေးသလို
ငြိမ်းချမ်းရေးလည်း ပျက်တော့တယ်
ကြိုးပြတ်စွန်တွေ ကြွေကာ လွင့်ပေါ့
မွှေမွှင့်ပန်းသို့ နွမ်းနယ်နှယ်
အဖျက်သမားတွေ ကျော်ကာကျူးရင်
ဘီလူး သရဲ စီးသည့်နှယ်
ကြောက်ဖွယ်… ရွံ့ဖွယ်…။ ။

❖ ❖ ❖ ❖

# ပန်းသခင်

Y ဥယျာဉ်ထဲက ပန်းသခင်
ရေကြည်လောင်းလို့ ပြောင်းမြက်သင်
ပန်းတွေပွင့်လျှင် မခူးရက်ဘဲ
အလှကြည့်နေမြဲ…။

ဥယျာဉ်ထဲက ပန်းသခင်
ပန်းတွေ ထူးတင့် ဖူးပွင့်စဉ်
သူငါ ပန်ဆင် ခူးလျှင်လဲ
ကြည်နူး နေသည်ပဲ…။ ။

❖ ❖ ❖ ❖

# အတူခေါ်ပါ့

F လပေါ်ကို အရောက်သွားဖို့
လူသားတို့ စိတ်ကူးကြံ
ပစ်လွှတ် ဒုံးပျံ...။

F ငှက်သဏ္ဍာန်
တက်ပျံတော့မှာမို့။

F သားသားကို အတူခေါ်ပါ
လပေါ်မှာ ယုန်ကလေးကို
မုန်လာတွေ လက်ဆောင်ပေးကာ
ကျွေးလိုက်ချင်လို့...။ ။

❖ ❖ ❖ ❖

# ထန်း

Y ထန်းပင်ပေါ်တဲ့ ထန်းတော အစပ်
ထန်းနဲ့လုပ်တဲ့ ထန်းကုန်မပြတ်
ထန်းယပ်တောင်နဲ့ ထန်းခေါက်ဖာ
ထန်းပင်မြစ်နဲ့ ထန်းသီးမှုန့်ပါ
ထန်းဖူးဇာတာ, ထန်းလက်တဲ့
ထန်းကုလားထိုင်, ထန်းတရွဲ
ထန်းလျက်ခဲနဲ့ ထန်းသီးဆန်
ထန်းရည်ချိုနဲ့ ထန်းရည်ခါးမကျန်
ထန်းပင်ထိက အကျန်ရ
ထန်းတစ်တောလုံး အသုံးကျ···။ ။

# ပျားတို့ပြတဲ့လမ်း

F

ဟိုဘက်ပန်းက ရွှေဝတ်မှုန်
သည်ဘက်ပန်းက ရွှေဝတ်မှုန်
ဝိုင်းစုလို့ အံ့
စုန်ချည် ဆန်ချည် မနေမနား
ဝတ်ရည်စုပ်တဲ့ပျား
သွားလိုက် ပြန်လိုက် ညီညီညာ
မပျင်း မရှိပါ
မိုးတွင်း အခါ ရိက္ခာစု
ကြိုတင် မြော်မြင် ပြင်ဆင်မှု
လူတို့ စံပြု အတုယူ
ဒွဲ နဲ့ လုံ့လ ရှိပါမှ
ဘဝဟူသည် အေးငြိမ်းချမ်း
မကြောင့် မကြ မပင်ပန်း
ပျားတို့ ပြတဲ့လမ်း...။ ။

❖ ❖ ❖ ❖

# ဝါကျွတ်ချိန် ဆရာကန်တော့ပွဲ

Y တစ်နှစ် တစ်ကြိမ် ရှိဦးနိမ့်
ဝါလ ကင်းလွတ် သီတင်းကျွတ်ချိန်
ဆီမီးထိန်ထိန် ထွန်းသည့်လ
အာစရိယ ပူဇော်ကြ
ပြုမိသမျှ အပြစ်ဒဏ်
ဝန်ချတောင်းပန် ကျေပျောက်ရန်
အနန္တဂိုဏ်းဝင် ဆရာများ
ချီးမြှင့်ပေး ဆုခြွေသများ
လမင်းအလား ဝင်းပနေ
ဆရာမြတ်တို့ ကျက်သရေ
တပည့်တွေ အာရုံပြု
ကုသိုလ်ကောင်းမှု နိဗ္ဗာန်ဆု
သာဓု... သာဓု... သာဓု...။ ။

# တစ် မှ တစ်ဆယ် ပေါင်းနုတ်လွှယ်

F မျှားအုံ (၁)အုံ
ချို (၂)ချို
ပန်းရုံ (၃)ရုံပါ။

F သောင်က (၄)သောင်
တောင် (၅)တောင်
လှိုဗြောင် (၆)ဗြောင်ပါ။

F မြစ် (၇)စင်း
ယာ (၈)ခင်း
လယ်ကွင်း (၉)ကွင်းပါ။

F ငွဲနဲ့ မျှော်မှန်း
ရှေ့သို့လှမ်း
(၁၀)တန်း အောင်ဖို့ရာ…။

F တစ်မှ တစ်ဆယ်
ပေါင်းနုတ်လွှယ်
မှတ်ဖွယ် သားတို့တာ…။ ။

❖ ❖ ❖ ❖

# နှစ်ဆုံးအောင်ပွဲ

Y ပထမရတဲ့ မရွှေကြည်
ပျော်လို့ မြူးနေသည်
မောင်ဖိုးနီ အမှတ်နဲ့(နည်း)
ဘိတ်ဆုံး အဆင့် ဇွဲ
စာမေးပွဲမှာ အဖြေပေါ်
တော်သူက မော် ညံ့သူ ရော်
ပျော်ချင်ပါက နှစ်အစ
ဇွဲ နဲ့ လုံ့လ ရင်းပါမှ
နှစ်ဆုံး အောင်ပွဲရ…။ ။

❖ ❖ ❖ ❖

# ည

F နွေဦးပေါက်တိုင်း ရောက်လို့လာ
ည ည တွန်သံသာ
မိုးအခါ ဘယ်ကိုသွား
ဆောင်းမှာ ဘယ်ဆီနား
သူ့နှုတ်ဖျားက တွန်ကျူးသံ
နားမှာ ကြားရ မငြိမ်
အချိန်တန် ပျံကာပြေး
တို့မှာ လွမ်းလို့ ကျန်တယ်လေး…။ ။

# ရေသံသရာ

Y ကောင်းကင်ကြီးရဲ့ မိုးလက်ဆောင်
ပက်ခဲ့ ဖျန်းခဲ့ တောနဲ့တောင်
လျှိုမြောင် ချိုင့်ကျင်း မြစ်ကျော်နှင်း
ချောင်းတွေ မြောင်းတွေ တောင်ခြေဆင်း
မြစ် အစင်းစင်း ဖြစ်ပေါ်လာ
ခရီးရှည်ကြီး ဆက်ခဲ့ရ
သမုဒ္ဒရာ ပင်လယ်ထဲ
ပေါင်းစည်းခဲ့သည်ပဲ…။

Y ပင်လယ်ထဲမှာ အမှုမဲ့
ရေနိုးရေငွေ့ ကောင်းကင်ယံ
ရေသံသရာ လည်ကာရစ်
မိုးတိမ်ပြန်လို့ ဖြစ်တယ်လေး…။ ။

❖ ❖ ❖ ❖

# ဖေဖေ့ စာအုပ်စင်

F

တစ်ညီတစ်ညာ စီကာတင်
ဖေဖေ့ စာအုပ်စင်
ပုံပြင် ကဗျာ ဝတ္ထုများ
ဗဟုသုတ အလွန်များ
ဆောင်းပါး ကာတွန်း သတင်းစုံ
ဖတ်, မှတ်ဖွယ် မကုန်
ရုပ်ပုံတွေက အလွန်လှ
ကြည့်လို့ ရှုမဝ
ဖေဖေက ပေးတဲ့ အမွေ
"စာအုပ်စာပေ လူ့မိတ်ဆွေ"
စာပေသည်သာ တန်ဖိုးစစ်
တကယ့် အမွေ အနှစ်...။ ။

❖ ❖ ❖ ❖

# သမီး

Y သမီးကလေး လှရောင်
မော်စေ မတ်စေချင်
မိခင်ဖခင် ဆ မြော်တွေး
သမီး ရှေ့ရေး စမ်းလို့အေး…။

Y သမီးကလေး ပညာသင်
တော်စေ တတ်စေချင်
ဆရာ သခင် လမ်းညွှန်ပေး
သမီး ရှေ့ရေး ပန်းလို့မွှေး…။

Y သမီးကလေး ပြုံးရွှင်ရွှင်
စာရေးစာဖတ်သင်
နေ့တွင် ကျောင်းတက်
ည စာကျက်
ဆရာ - မိဘ မျှော်လင့်ချက်
ဘဝ ပန်းအိမ်မက်…။ ။

❖ ❖ ❖ ❖

# ပန်းတစ်ပွင့်

F သမီးကလေး တကိုသင်
မိခင် ဖခင် ကျေးဇူးရှင်
တော်စေချင်လို့ မြော်မြင်ဆဲ
ဆုတောင်းနေမှာပဲ...။

F တပည့်ကလေး တကိုသင်
ဆရာသခင် ကျေးဇူးရှင်
အောင်စေချင်လို့ သွန်သင်ပြ
ပညာပြည့်ဝ နလုံးလှ...။

F ဆရာ မိဘ စေတနာ
အလေးအနက် ခံယူကာ
အသိ အလိမ္မာ ပန်းနယ်ပွင့်
သဘင် ပွဲဝယ်တင့်...။ ။

❖ ❖ ❖ ❖

# ထာဝရ အလှ

(၁)

Y အရှေ့ဖျား ပေါ်မှာ
မွန်နှံ့သာ ခြယ်ကာသသော်လည်း
တခဏသာစွဲ…။

Y "ပညာ"နဲ့ အလှပြင်
ဘဝခွင် ယဉ်အောင်သာ
ထာဝရ မြဲ…။

(၂)

Y စိန်ရွှေငွေ ရတနာတို့
ထိန်ဝေစွာ ဆင်ကာသသော်လည်း
တခဏသာစွဲ…။

Y "ပညာ"နဲ့ အလှပြင်
ဘဝခွင် ယဉ်အောင်သာ
ထာဝရ မြဲ…။ ။

❖ ❖ ❖ ❖

# နွေသူရဲကောင်း

F ကျောင်းဝင်ပေါက်မှာ နွေအခင်
ရွက်နုဝေလွှင် ပိတောက်ပင်
ရွက်သစ်ဆင်လို့ ခြွေရွက်ဟောင်း
သတ္တိ ဇွဲ မာန် အားဖြည့်လောင်း
နွေ သူရဲကောင်း ပိတောက်ဝါ
ဖူးပွင့်တင့်ဆန်း လန်းဝေဖြာ
ပွစ်းပါစေ ဆယ်နေကဲ
တန်ခူး ရောက်တိုင်း ပွင့်မှာပဲ
အာဂ သတ္တိခဲ...။ ။

❖ ❖ ❖ ❖

# အားကစားစိတ်ဓာတ်

Y ကိုယ့်အသင်းက အနိုင်ယူကာ
တစ်ဘက်အသင်းမှာ ရှုံးသောခါ
မောက်မောက်မာမာ မဆက်ဆံရ
ကိုယ်ချင်းစာပါမှ...။

Y တစ်ဘက်အသင်းက အနိုင်ယူကာ
ကိုယ့်အသင်းမှာ ရှုံးသောခါ
မနာလိုစိတ်နဲ့ မရှုမြင်ရ
ကိုယ့်ပျော်ကွက်သာ ရှာပါကြ...။ ။

❖ ❖ ❖ ❖

# ကျေးလက်သင်္ကြန်

F
မြန်မာဆန်ဆန် ရှိရာဟန်
ကျေးလက်သင်္ကြန် တောသင်္ကြန်
ဒိုးသံ ဗုံသံ ညံမစဲ
"ရွှေကိုး-ဒေါ်နိုး" ကသည့်ပွဲ။

F
မြန်မာဆန်ဆန် ရှိရာဟန်
ကျေးလက်သင်္ကြန် တောသင်္ကြန်
မဖောက်မပြန် မပြောင်းမလဲ
သပြေခက်နှင့် ပက်သည့်ပွဲ။

F
မြန်မာဆန်ဆန် ရှိရာဟန်
ကျေးလက်သင်္ကြန် တောသင်္ကြန်
ဘုရားကျောင်းကန် သီလမြဲ
ကုသိုလ် ယူသည့်ပွဲ။

F
မြန်မာဆန်ဆန် ရှိရာဟန်
ကျေးလက်သင်္ကြန် တောသင်္ကြန်

အသက်ကယ်ရန် ရည်သန်ခဲ့
ဘေးမဲ့ လွှတ်သည့်ပွဲ။ ။

F မြန်မာဆန်ဆန် ရိုးရာဟန်
ကျေးလက်သင်္ကြန် တောသင်္ကြန်
တီးဝေ့ ဆူညံ အိုးလို့ခဲ
တေဒီသာ ကျူးသည့်ပွဲ။

F မြန်မာဆန်ဆန် ရိုးရာဟန်
ကျေးလက်သင်္ကြန် တောသင်္ကြန်
နိုင်ငံတစ်ဝန်းလုံး မြိမ့်မြိမ့်သဲ
မြန်မာ့စိတ်ရင်း ပြသည့်ပွဲ။ ။

## နှင်းမှုန်ကြားက ဘုရားပွဲ

Y လှည်းယဉ်ကလေး ကလုန်ကလုန်
ဖြားနယ် မြေမည့်ပုံ
ရပ်စုံပွဲဆီ သွားမှာလား…။
တက်ပွဲ ကြည့်မှာလား…
ဘုရားကုန်းက စင်ခေါ်သံ
ပေဝေ ဆူဆူညံ
နယားပျံ မှန်စီဝိုင်း
အတီးကောင်းတဲ့ ဆိုင်း
မန်ကျည်းကိုင်းများ လ အကျော်
ပွဲလည်း ထွက်ပြီနော်
ပျော်ပျော်ရွှင်ရွှင် ဆင်ကာနွှဲ
တို့ရပ်ရွာက ဘုရားပွဲ
နှင်းမှုန် တဝွဲဝွဲ…။ ။

❖ ❖ ❖ ❖

# မိုး

F
သင်တိုင်းပြာပြာ ဆင်သိုင်းကာ
ရွှေရွှေဖြိုးဖြိုး မိုးဒေဝါ
စိုက်ခင်းတောင်ယာ ရွာနံ့သား
ကွင်းကျယ်အဝေး ရေမွှေးမွှေး။

F
ဂျိုးဂျိုးဂျိမ့်ဂျိမ့် ညံတာတာ
တောင်ကလာတဲ့ မိုးဒေဝါ
ထစ်ကာ ချုန်းကာ တစ်မြည်ကြွေး
လျှပ်စီး ညွှတ်ကွေး လက်လက်ပြေး။

F
တစ်နှစ် တစ်ခါ အရောက်လာ
ခရီးသည်ကြီး မိုးဒေဝါ
လူ့ရပ် လူ့ရွာ ငြိမ်းချမ်းရေး
မိုးစက်အေးအေး လက်ဆောင်ပေး။ ။

❖ ❖ ❖ ❖

## ခဲဖျက်

Y သားသား မှားရင် ဖျက်ဖို့ရာ
ခဲတံ နောက်မှာ ခဲဖျက်ပါ
ရှက်စရာမှ မဟုတ်ဘဲ
မှားရင် ပြင်မှာပဲ...။ ။

❖ ❖ ❖ ❖

## သားကမ္ဘာ

F　ဖေဖေက နေ
မေမေက လ။
သားကမ္ဘာ နေ့ည အလင်းနဲ့
ဝင်းလက် တောက်ပ…။ ။

❖ ❖ ❖ ❖

# ရုပ်သေးပွဲ

Y

တန်ဆောင်မုန်း တန်ဆောင်တိုင်
ကြာပန်းတွေက ကြိုင်
ဆီမီးမြိုင်မြိုင် ထွန်းသည့်ည
လရောင် ရွှန်းမြမြ။

Y

ရွာဦးထိပ်က ပွဲခင်းသာ
သွားကြ လာကြ စည်ကားစွာ
ရုပ်သေးစင်မှာ ဆုံကချုပ်ခဲ့
မိုးအလင်းပွဲ ကြည့်မှာပဲ…။

Y

ရုပ်သေးကြိုးဆွဲ ပညာရှင်
ငိုလိုက် ရယ်လိုက် ဇာတ်လမ်းဆင်
သူ့လက်ထဲတွင် လှုပ်ကာရှား
လူလား အရုပ်လား မကွဲပြား
ဇာတ်ထဲ မျောပါသွား။

၇ ဘုရားပွဲမှာ တစ်နှစ်တစ်ကြိမ်
ရပ်ဝေး ကပြခိုက်
အိမ်မှာနေလည်း အောက်မေ့ဆဲ
ကျောင်းမှာ နေလည်း သတိရမြဲ
"ပေဖော်ရို့ ခုန်ပျံ့"ကို
လွမ်းလျက်ပါပဲ...။ ။

❖ ❖ ❖ ❖

# တိုင်းနှင့်ပြည်နယ်

F

ကရင်ပြည်နယ်မှာ ညှို့မှိုင်းမှိုင်း
ကျွန်းပင်တွေက အမြိုင်းအနိုင်း
**စစ်ကိုင်း**တိုင်းက ဝါချည်စောင်
**ရခိုင်**ငါးခြောက် ငါးပိကောင်
**ချင်း**တောင်ပေါ်မှာ ပန်းသီးထွက်
**ရှမ်း**ပြည်က လက်ဖက်
**ပဲခူး**ဘက်က ကျွန်းရွှေဝါ
**မွန်**ပြည်နယ် ရာဘာ
**ဧရာဝတီ**မှာ ဆန်စပါး
**ကယား** ကျောက်မြူပြား
ကျောက်စိမ်း ကျော်ကြား ကြွယ်ဝသည်
**ကချင်**ဒေသဆီ
**တနင်္သာရီ** ပုလဲမွေး
ဆီအိုး တိုင်း **မကွေး**
**မန္တလေး**က ကုန်မျိုးစုံ
အောက်ပြည် အောက်ရပ်စုန်
တိုင်း **ရန်ကုန်** ကမ္ဘာအနှံ့
ကုန်စည်ရောင်းလို့ဖြန့်...။ ။

# ရွာသာယာ

Y ရွာဦးထိပ်က ရေချမ်းစင်
အေးမြ ကြည်ကြည်လင်
ရွာအဝင် တမာပင်တန်း
ရေချို လက်ဆောင်ကမ်း။
ရွာလယ်လမ်းမ ခရီးကြို
လှည်းယဉ်ကလေး ကလုန် ကလုန်
နွားကြန့်ရုံ ခြောက်နှဲ့
လိုက်ရာ ပို့မှာပဲ...။
ရပ်ထဲ ရွာထဲ လည်ပတ်သော်
ဟိုအိမ်ကခေါ် သည်အိမ်ခေါ်
ဖော်ဖော်ရွေရွေ ဧည့်ဝတ်မြဲ
ဟန်ဆောင်ကင်းတဲ့ ပွင့်လင်းမှု။
ရပ်ရွာလူထု ညီညွတ်စွာ
တူးဖော်ခဲ့တဲ့ မြကန်သာ
ပြောင်းသွယ်ကာ စိုက်လို့မျိုး
လယ်ယာအထွက်တိုး။
ယာခရီးက ရွှေချိုမြ
ကျူကျူး ကျူကျူး တကျူကျူးကျူ

ပျင်းသူကို ပျော်စေဖို့
ပျော်မြေနေသည်သို့
ညွှတ်လို့ ကိုင်းလို့ သစ်သီးဝေလဲ
ရွာအထွက်က ဥယျာဉ်ခြံ
ဧည့်သည် အမြန် လက်ဆောင်ပေး
ဆွတ်ယူနိုင်တယ်လေး…။ ။

❖ ❖ ❖ ❖

# ဘုရားဖူး

F လေးဆူဓာတ်ပုံ "ရွှေတိဂုံ"
မြို့တော် ရန်ကုန်
"ရွှေစည်းခုံ" ညောင်ဦး
"ရွှေမော်ဓော" ပဲခူး
မင်းဘူးက "ရွှေစက်တော်"
စစ်ကိုင်း "ကောင်းမှုတော်"
"အလောင်းတော် ကဿပ"
တောင်တော သာယာစွ
မုံရွာအနီးက သာသနာ့မြေ
"မိုညှင်း သမ္ဗုဒ္ဓေ"
မန်းရွှေမြို့က "မြတ်မုနိ"
တန်ခိုးကြီးပါဘိ
မကွေးမြို့၏ အရှေ့စွန်
ဘုရား "မြသလွန်"
"ရွှေဆံတော်" ပြည်မြို့
အနှံ့ဖူးပါရို့...။ ။

# စွယ်တော်လေးဆူ

၄ အရုဏ်ဦးမှာ ဖူးရအောင်
တက်စို့ တန့်ကြည့်တောင်
ရွှေပြောင်ပြောင် တောင်ပေါ်ဘုရား
ဆွမ်းပန်းကပ်စို့လား…။
ကားကလေးနဲ့ စက်ဆိပ်ဆီ
အမြန်သွားကြမည်
ဧရာဝတီ တစ်ဖက်ကမ်း
စက်နဲ့ ကူးဖြတ်သန်း။
ပုဂံဆိပ်ကမ်း ကပ်တဲ့ခါ
မနီးမဝေးမှာ
"**လောကနန္ဒာ**" ဘုရားဖူး
လေပြည် တဖြူးဖြူး။
ညောင်ဦးမြို့က "**ရွှေစည်းခုံ**"
ဗုဒ္ဓရိပ် ခိုလှုံ
ရေချမ်းပန်းစုံ ကပ်လှူပြီး
ဆက်စို့ ရှေ့ခရီး။
နေမင်းကြီးလည်း မရိုခင်

နောက်ဆုံး ခရီးစဉ်
လေးဆူပြည့်လျှင် ကုသိုလ်ရ
**တူရွှင်းတောင်**ပေါ် တက်ပါကြ
ဆုတောင်းပြည့်မှာပဲ…။ ။

❖ ❖ ❖ ❖

# ပိုးဦးပန်း

F

နိုးစက်ဖွန်းတော့ လန်းလေပြီ
ဖူးပွင့် ဝေဝေညီ
ပန်းနီ ပန်းပြာ ပန်းဝါနော
ပန်းပွင့် ရောင်စုံတော
မွှေးသော ပြာသော ပန်းမျိုးစုံ
ခူးဆွတ်လို့ မကုန်
ပန်းရုံ ပန်းချို ပန်းစုံလန်း
ထုံပျံ့ကြိုင်လှိုင်း တောမြိုင်တန်း
စိမ်းလန်း··· ငြိမ်းချမ်း···။ ။

❖ ❖ ❖ ❖

# မှိုင်းမပြည့်ခင်

Y အချိန်မတန် အတက်မြန်
ဆွဲ ဆိုင်း ထားလည်း ရုန်း ထွက် ကန်
မှိုင်းတွေ အန်လို့ မြန်ကာကျ
ဆန္ဒတော ပျက်စီးရ
မီးပုံးပျံကလေး··· မရှမလှ···။ ။

❖ ❖ ❖ ❖

# အားကျတယ်

F

မမနဲ့ ကိုကို
တက္ကသိုလ် သွားပြီမို့···။
သားသားလေးလည်း အားကျမိ
မမ ကိုကို တို့လို
ကျောင်းသွားဖို့ လွယ်အိတ် တစ်လုံးတော့
ဝယ်ပေးအုံးချို့ ။ ။

❖ ❖ ❖ ❖

# အတုအယောင်

Y အတုအယောင် ခေါင်းယောင်ဆောင်
ကျီးကန်းငှက် တစ်ကောင်
ခေါင်းမွေး ခေါင်းတောင် ကိုယ်မှာကပ်
ခေါင်းလို က သတတ်
ခေါင်းတွေ ချဉ်းကပ် အနားလာ
ခေါင်းတွန်သံသာ ကြားသောခါ
ကျီးမှာ တွန်ဖို့ ပါးစပ်ဟ
ခေါင်းမစစ်တော့ အာ - အာ - အာ
ပေါ်လွင်သွားပေါ့ ကျီးဘဝ
ခေါင်းတွေ ဆိတ်ခွ ထွက်ပြေးရ
ရှက်ဖွယ် ကောင်းလေစွ···။ ။

# စကားတစ်ခွန်း

F "ကျား··· ကျား လာကြပါ"
"ကယ်တော်မူကြပါ···"
ထိုအခါ ရွာသားတို့
အပြေးလာလို့ ကူညီဖို့···။

F ထိုသောအခါ အော်သူမှာ
ရယ်မောလှည့်ဖြား လှောင်ပြောင်ကာ
ကျားလာလေဟန် လိမ်ညာဟစ်
ရွာသားတို့မှာ လွန်စိတ်ညစ်။

F တစ်နေ့သောအခါ ထင်းခုတ်ရာ
ကျားကြီးတစ်ကောင် ချဉ်းကပ်လာ
"ကယ်ပါ ယူပါ" အလန့်တကြား
အော်ရင်း ဟစ်ရင်း ရှောင်ပြေးလွှား
တကယ့် ကိုးတောင်ကျား···။

F ရှာသူ ရှာသား အားလုံးသည်
ဟိုယခင်လို ထင်ခဲ့ပြီ
မည်သူကမျှ စိတ်မဝင်စား
လှောင်ပြောင်သံပဲ ယူဆထား
ကျားစာဖြစ်ပေါ့ ငမိုက်သား···။

F ကျားစားခံရ ဆိုသူမှာ
လှောင်ပြောင်ခြင်းကြောင့် အသက်ဆုံးရှာ
သင်ခန်းစာ ယူပါကြ
စကားဟူသည် တည်ကြည်မှ
လှည့်ဖြားပါက ဘေးဒုက္ခ
တွေ့ကြုံရမည်ပါ···။ ။

❖ ❖ ❖ ❖

# မဒ္ဒီဒေဝီ မွေးမိခင်

Y "ဝေဿန္တရာ ဇာတ်" ဖတ်တိုင်းသာ
ခံစားကျူးစက် ဝေဒနာ
ဇာလီ ကဏှာ မောင်နှမ
ခမည်းတော်က ရောင်းချ
စွန့်လှူလိုက်ပေါ့ ဖြတ်ခါနှ
ပုဏ္ဏားလက်မှာ ပါသွားကြ
သောကာ ခံစား မဒ္ဒီဒေဝီ
သားပျောက် သမီးပျောက် ခေါင်းတောက်ပြီ
ဝေဿန္တရာသည် ဘာမှ မပြော
နေနိုင်ရန်ကော ဇာဆိုသော
စိတ်မော လူမော မယ့်ဖြစ်အောင်
မဒ္ဒီဒေဝီ မွေးမိခင်
သောကာ လှိုင်းဆင် ရင်နာကွဲ
ဖတ်မိတိုင်းသာ လွမ်းနေဆဲ
မျက်ရည် တခဲခဲ...။ ။

# မစူးစမ်း မဆင်ခြင်သော ယုန်သူငယ်

F ရှေးရှေးတုန်းက တောမြိုင်ဝယ်
ယုန်ကလေးတစ်ကောင် ရှိပါတယ်
မြေပြိုမှာတကယ် ကြောက်တတ်သေး
အသည်းငယ်တဲ့ ယုန်ကလေး
အမှန်မတွေး အမြဲမှာ
ဝုန်းခနဲမြည်သံ ကြားသောအခါ
မြေပြိုပါပြီ ကြောက်လို့ရဲ
မစူးစမ်းတဲ့ ယုန်သူငယ်ပဲ
ဝက် ဒိုင် ကျွဲ နွား ကြံ့ ကျားဆင်
ငှက်အများနဲ့ သားသမင်
ယုန်ကလေးနောက်တွင် တစီတတန်း
ပြေးကြ ရှောင်ကြ မစူးမစမ်း
မောမောပန်းပန်း ကိုရွှေယုန်
ခြင်္သေ့ကြီးနဲ့ တွေ့လိုက်ကြ
ဖြစ်ပုံ ပျက်ပုံ အကြောင်းစုံအား
ယုန်ကလေးက ရှင်းပြောကြား
လက်တွေ့သွားသား ခြင်္သေ့သည်
ယုန်ပြောသမျှ မယုံကြည်

ဖြစ်ပျက်တဲ့ဆီ သွားလို့ကြည့်
ယုန်ကလေးကို ခေါ်ခဲ့၏။
ဥသျှစ်ကြွေသည့် နေရာမှာ
ထန်းလက် တစ်လက် ရှိခဲ့ရာ
ဝုန်းခနဲသာ မြည်လို့ဟည်း
ယုန်ကလေး လန့်တဲ့ အသံကြီး
စကတည်းက လော့လာလျှင်
ယုန်ကလေးလည်း အမှန်ကိုမြင်
ခုလို မဆင်ခြင် မှူးစမ်းတော့
အများဒုက္ခ ပိုသည်ပေါ့
မှတ်လော့ သားလော့ လောကနယ်
ပုံပြင်ထဲက ယုန်ကလေးနှယ်
အရေးရာဝယ် မှူးစမ်းက
ဒုက္ခ မုချ တွေ့မည်ပါ။ ။

❖ ❖ ❖ ❖

# မြွေတစ်သိုက်နဲ့ ဘ ဘိုးအို

Y ရှေးရှေးတုန်းက ထုံးပုံပြင်
မြွေတို့ နားဆင် ဘ ရင်ခွင်
ပျော်ပျော်ရွှင်ရွှင် မမောမဟိုက်
တစ်ခန်းရပ်တိုင်း အင်း... အင်းလိုက်
မြွေတစ်သိုက်နဲ့ ဘ ဘိုးအို
ငယ်ရပ်ဆင်လို့ ရွယ်နုပျို
တေးသီဖွဲ့ဆို ချောကာသိမ်
မြွေတွေလည်းအိပ် တေးလည်းတိတ်
(ဟောဗျာ...) ဘ လည်း တစ်ရေးအိပ်
မေ့ပျော်... ပုတီးစိပ်...။ ။

# နှာမည်

F ပန်းကလေး တစ်ရဲ့
လိပ်ပြာ အုံ့
ထုံထုံ ပျံ့ပျံ့
မွှေးရနံ့...။

F အမှိုက် တစ်ပုံ
ယင်ကောင် အုံ့
မထုံ မပျံ့
အပုပ်နံ့...။

F နှာမည်တစ်လုံး ကျက်သရေ
လူတို့ကြားမှာ လွှင့်ပျံ့နေ
ပန်းရဲ့လေလေး အမှိုက်ပုံလေး
ကွဲပြား ခွဲခြား ခွဲမှတ်ထား
မွှေးမြဲပါစေသား...။ ။

❖ ❖ ❖ ❖

# မေတ္တာ

Y ကိုယ်က အသာစီးရသောခါ
နိုင်လိုမင်းထက် မပြုရာ
သူ့မှာ ဘယ်လောက် ခံစားရ
ကိုယ်ချင်းစာလို့ နားလည်မှ…။

Y ကိုယ်က အောက်မှာ နိမ့်သောခါ
သူနိုင်စက်လည်း စိတ်မကွက်ရာ
မေတ္တာနဲ့သာ ခွင့်လွှတ်က
ငြိမ်းလျော့ကျ မျက်ဒေါသ…။ ။

❖ ❖ ❖ ❖

# ပန်းကမ္ဘာ

F

ဝဲကာ ဝဲကာ လူးလာယှဉ်
ငှက်ကျေး ညီလာခံ
ပန်းမန်တို့ ဝေဖြာလန်း
မြိုင်မြေ တောစခန်း
ကြေကာနွမ်းအောင် ဖျက်ဆီးမည်
မှား ဝိတုန်းတို့ တဝီဝီ
ဝတ်ရည်စုပ်လို့ မြူးကာဆို
နှိုးတက်လာပြီ မို့
ပန်းတို့မွှန်ရာ လုံခြုံစွာ
စည်းရိုး ဝန်းရံကာ
ပန်းကမ္ဘာ သင်းပျံ့မွှေး
ငြိမ်းအေးခဲ့ပြီလေး. . .။ ။

❖ ❖ ❖ ❖

# သုံးပွင့်ဆိုင်

၄ ပြောမရ ဆိုမရ
ဘိုးဘိုး က
ဒေါ်မွ စိတ်ပေါက် အော်လို့ငေါက်
မြေးကလေး ကျွေးကောက် နို့မသောက်
ပိုးပိုးပေါက်ပေါက် မျက်ရည်ယို
တဝဲဝဲ နဲ့ ငို
အေးအေးအို ဝေးဆိုသိပ်
ဘွားဘွား ချော့မှ အိပ်တယ်လေး...။ ။

❖ ❖ ❖ ❖

# ဥတ်ကူး ဥတ်ကူး

F ဥတ်ကူး ဥတ်ကူး တကူကူးကူး
ချိုကလေး ညှိမြှာ တေးသီကျူး
ဥတ်ကူး ဥတ်ကူး တွန်သံသာ
ဘယ်ဆီ လွှမ်းသလဲ မသိပါ
တို့တောရွာ ခိုနေဦး
ဥတ်ကူး ဥတ်ကူး တကူကူးကူး…။ ။

❖ ❖ ❖ ❖

# ဥပုသ်သည်

Y စေတီ တန်ဆောင်း
“တောင်ပေါ်ကျောင်း”
အရှေ့ စောင်းတန်းက တက်ခဲ့တယ်။

Y ဆယ်ဖြာ လက်အုပ်
ပုဆစ် တုပ်
ဥပုသ် သီတင်း စောင့်ခဲ့တယ်။

Y ဗုဒ္ဓ မြတ်စွာ
ဒေသနာ
ဆရာတော် ဘုရားက ဟောခဲ့တယ်။

Y မကောင်းမှု ရှောင်
ကောင်းမှု ဆောင်
စင်အောင် စိတ်ကို မွေးခဲ့တယ်။

Y ပုတီးကို စိပ်
မန်ကျည်း ဒိုပ်
ဆိတ်ဆိတ် နေလို့ ကျင့်ခဲ့တယ်။

Y လောကီ ရှပ်ထွေး
သီလ ဆေး
ညစ်ကြေးကင်းလို့ ဝင်ခဲ့တယ်။

Y ကုသိုလ် ကောင်းမှု
အကြောင်းမြှု
သာရ သုံးကြိမ် ခေါ်ခဲ့တယ်။

Y တောင်ပေါ်က ဆင်း
အေးမြခြင်း
ရင်တွင်း ချမ်းမြေ့ လန်းခဲ့တယ်။
ပန်းနှယ်··· ဝမ်းနှယ်···။ ။

# သားကောင်း

F သမိုင်းစဉ်ဆက် သက်သေတည်
မြန်မာပြည်ဖွား ဘာမထီ
“ကျန်စစ်သား”သည် သူရဲကောင်း
ပြည်ကျိုးဆောင်လို့ အောင်ခဲ့ကြောင်း…။

F သမိုင်းစဉ်ဆက် သက်သေတည်
မြန်မာပြည်ဖွား ဘာမထီ
“ဘုရင့်နောင်”သည် သူရဲကောင်း
ပြည်ကျိုးဆောင်လို့ အောင်ခဲ့ကြောင်း…။

F သမိုင်းစဉ်ဆက် သက်သေတည်
မြန်မာပြည်ဖွား ဘာမထီ
“အလောင်းဘုရား”သည် သူရဲကောင်း
ပြည်ကျိုးဆောင်လို့ အောင်ခဲ့ကြောင်း…။

F သမိုင်းစဉ်ဆက် သက်သေတည်
မြန်မာပြည်ဖွား ဘာမထီ

"ဗန္ဓုလ"သည် သူ့ရဲကောင်း
ပြည်ကျိုးဆောင်လို့ အောင်ခဲ့ကြောင်း…။

F သမိုင်းစဉ်ဆက် သက်သေတည်
"မြန်ပြည်ဖွား…ဟေ့" ဝင့်ကြွားမည်
လူငယ်ဟူသည် ပြည့်သားကောင်း
မျိုးဆက် တစ်ခေတ် သစ်စေကြောင်း…။ ။

# 'ဥဩ' တေးသံ

Y သမီးကလေး တီတာတာ
"ဥဩ" ညံစာစာ
မပီကလာ သူ့စကား
ငိုသံလေးလေး ရယ်သံလေး
မိဘနှစ်ပါး ပီတိလျှံ
ဆည်းလည်း လှုပ်ခါသံ
နားဝင်ပီယံ ချိုမြအေး
ကမ္ဘာ့ အလှဆုံး တေး...။ ။

❖ ❖ ❖ ❖

# အဘိုးစိုက်တဲ့ သရက်ပင်

F အဘိုးစိုက်တဲ့ သရက်ပင်
ဝေဖြာ ရွက်နုဆင်
ကြီးလာလျှင် သားမြေးများ
အသင့် ခူးဆွတ်စား
နောင်လာ နောက်သား အကျိုးရှာ
သစ်ပင်စိုက်တဲ့ အဘိုးဟာ
အသက်ရာကျော် ရှည်စေကြောင်း
သားတို့ မြေးတို့ စကာပေါင်း
ကန်တော့ ဆုပန်တောင်း...။ ။

❖ ❖ ❖ ❖

# တကျက်မယ်

Y တဝေ့ ဖတ်တယ်
တဝေ့ ကျက်တယ်
အချိန်မှန် ကွယ်
အချိန်မှန် ကွယ်
တဖတ်ပြီးမှ ကစားမယ်
တကျက်ပြီးမှ နားမယ်
အိပ်ပါမယ်... အိပ်ပါမယ်...။ ။

❖ ❖ ❖ ❖

# ဆဲသံဆိုသံ

F ဆဲတာ ဆိုတာ ရိုင်းပျစွာ
နားဝ မခံသာ
မသေခင်မှာ ကြိုတင်ပုပ်
သူ့ပါးစပ်က အကျင့် ယုတ်
ပလုတ်ကျင်းလည်း အနံ့မပြယ်
တောင်းတောင်း ထ နေတယ်
ဘယ်သူကမှ အနားမကပ်
စပ်ပဲ့ လွှန့်ညစ်ပတ်
ဆဲတတ်သူကို ဝိုင်းလို့ကြည့်
လူတို့ မချစ်ခင်
ချစ်စေလိုလျှင် နှုတ်ခံတွင်း
ဆဲသံပျောက်မှ မွှေးပျံ့သင်း
ယဉ်ကျေးကြစေမင်း…။ ။

❖ ❖ ❖ ❖

# မြန်မာ့ဂီတ

Y ခုနစ်ပေါက်မြို့ကြီး ကျွက်ကျွက်ဆူ
ဟစ်ကြွေး ဟောကြွေး နှုးဝေဆူ
ပျပျလောင်လောင် ခေတ်သီချင်း
အနောက်ဟန်တွေ သွင်း…။
ညင်ညင်ငြိမ့်ငြိမ့် သံသာသာ
စည်းဝါး ဝင်ထွက် ညက်ညောစွာ
တို့ပြည် တို့ရွာ တို့ဂီတ
မြန်မာ့ ကိုယ်ပိုင် တေးအလှ။
တီးကြွ မှုတ်ကြွ အခြေခံ
ကြည်မြ ပီသ ဂီတသံ
မြန်မာ့ ဟန်ပန် မပျက်ရေး
ထိန်းသိမ်းကြစို့လေး…။ ။

❖ ❖ ❖ ❖



၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု

ကလေးစာပေ တတိယဆုရ

# သမီးလေးရဲ့ နံနက်ခင်း ကလေးကဗျာများ

ရေးသူ - မေဆွေသန်း

အဖ ဦးစံရှိန်နှင့် အမိ ဒေါ်ကြာခင်တို့မှ ၁၉၄၃ ခုနှစ် မေလ ၁၀ ရက်နေ့တွင် မကွေး တိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့၌ မွေးဖွားခဲ့သည်။

ရေစကြို အခြေခံပညာအထက်တန်းကျောင်းနှင့် မကွေးဥပစာကောလိပ်တို့သို့ တက်ရောက်ခဲ့ပြီး မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီဘွဲ့ ရရှိခဲ့သည်။

အထက်တန်းပြဆရာ လက်ထောက်ကထိက (မြန်မာစာ) ဆရာအတတ်သင် ကျောင်း၊ အထက်တန်းကျောင်းအုပ်နှင့် ပညာရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၆၅ ခုနှစ်မှ စ၍ ယနေ့တိုင် စာနယ်ဇင်းများတွင် စာပေများ ရေးသားနေသူ ဖြစ်သည်။

အမည်ရင်း ဦးသန်းဆွေ ဖြစ်သည်။

နေရပ်လိပ်စာ - အာကာနည့်လမ်း အမှတ် (၇) ရပ်ကွက်၊ ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး။